# မြန်မာ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့

# နှင့်

# သီရိလင်္ကာ ဗဟိုဘဏ်၏ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့

# တို့အကြား

# ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှုနှင့်ပတ်သက်သည့်

# ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးသတင်းအချက်အလက်များ

# ဖလှယ်ရေးအတွက် ချုပ်ဆိုသည့်နားလည်မှုစာချွန်လွှာ

မြန်မာနိုင်ငံ ငွေကြေး ဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ နှင့် သီရိလင်္ကာဗဟိုဘဏ်၏ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ တို့သည် (အာဏာပိုင်/များဟု ဤနေရာမှစ၍ ခေါ်တွင်စေရမည်) ပူးပေါင်းဆောင်ရွက်မှုနှင့် အပြန်အလှန်အကျိုးအတွက် ရည်စူးလျက် အာဏာပိုင်အသီးသီး၏ အမျိုးသားဥပဒေပြုရေးမူဘောင်အတွင်း ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှု တို့အား စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် တရားစွဲတင်ရေးအတွက် အထောက်အပံ့ဖြစ်စေမည့် သတင်းအချက်အလက်များအား ဖလှယ်ရာတွင် လွယ်ကူချောမွေ့စေရေးအတွက် ဆန္ဒရှိကြပါ သည်။

သို့ဖြစ်ပါ၍ အာဏာပိုင်အဖွဲ့များသည် ဥပဒေရေးရာစည်းနှောင်မှုရှိသည့် စာချုပ်စာတမ်းတစ်ရပ်အဖြစ် မရည်ရွယ်သော်လည်း အထက်ဖော်ပြပါ သတင်းအချက်အလက်များကို အပြည့်အဝ ဖလှယ်နိုင်ရေး တိုးမြှင့်လုပ်ဆောင်လိုသည့် ရည်ရွယ်ချက်ဖြင့် အောက်ပါတို့ကို သဘောတူညီနားလည်မှု ရရှိခဲ့ပါသည်-

ရည်ရွယ်ချက်

၁။ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှုတို့အား စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် တရားစွဲတင်ပို့ခြင်းများနှင့် ဆက်စပ်လိမ့်မည်ဟု သံသယဖြစ်ဖွယ်ကျိုးကြောင်းခိုင်လုံမှုရှိသော သတင်းအချက်အလက်များ အပြန်အလှန်ဖလှယ်နိုင်ရန် အာဏာပိုင်များမှ မူဘောင်တစ်ခု ချမှတ်ရန်နှင့် သက်ဆိုင်ရာနိုင်ငံများ၏ ဥပဒေများက အပြည့်အဝခွင့်ပြုရန်။

သတင်းအချက်အလက် ဖလှယ်ခြင်း

၂။ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေး ထောက်ပံ့မှုတို့အား စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် တရားစွဲတင်ရေးအတွက် သက်ဆိုင်သည့် မည်သည့်သတင်းအချက်အလက်ကို မဆို မိမိနိုင်ငံဥပဒေကခွင့်ပြုသည့် အတိုင်းအတာနှင့် မိမိနိုင်ငံမူဝါဒ လုပ်ထုံးလုပ်နည်းများနှင့်အညီ နှစ်ဖက်သောအာဏာပိုင်များသည် မိမိဆန္ဒအလျောက်/အလိုအလျောက်သော်လည်းကောင်း၊ တစ်ဘက်မှ တောင်းခံလာလျှင်သော်လည်းကောင်း ပေးအပ်ပါမည်။ ထိုသို့ ပေးအပ်သည့်

သတင်းအချက်အလက်များကို ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှုတို့အား စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် တရားစွဲတင်ရေးအတွက်သာ အသုံးပြုရန်ဖြစ်သည်။

မေတ္တာရပ်ခံခြင်း

၃။ မေတ္တာရပ်ခံသည့် အာဏာပိုင်အဖွဲ့သည် တောင်းခံသည့် သတင်းအချက်အလက်ဆိုင်ရာ အကျဉ်းချုပ်ဖော်ပြချက်ကို အတတ်နိုင်ဆုံးပေးအပ်ရမည်။

သတင်းအချက်အလက် ထုတ်ပြန်ခြင်း

၄။ (က) အပိုဒ် ၄(ခ)အရ သတင်းအချက်အလက် လက်ခံရရှိသည့်အာဏာပိုင်အဖွဲ့သည် စီမံခန့်ခွဲအုပ်ချုပ်မှု/တရားစွဲဆိုတင်ပို့မှု (သို့မဟုတ်) တရားစွဲတင်ပို့မှုများအတွင်း ထုတ်ပြန်ပြောဆိုခြင်းအပါအဝင် ပေးအပ်သည့်အာဏာပိုင်အဖွဲ့၏ သဘောတူညီမှု မရှိဘဲ ထိုသတင်းအချက်အလက် (သတင်းအချက်အလက်အား တောင်းခံချက်တွင် ဖော်ပြထားသည့်အချက်များမှတပါး) လူသိရှင်ကြား ထုတ်ပြန်ခြင်းမပြုရ။

(ခ) အကယ်၍ ဥပဒေလုပ်ထုံးလုပ်နည်းအရဖြစ်စေ (သို့မဟုတ်) တရားစွဲရန်အတွက် ဖြစ်စေ အခြားသောအာဏာပိုင်ထံမှ လက်ခံရရှိသည့် အာဏာပိုင်အနေဖြင့် သတင်းအချက်အလက် ထုတ်ပြန်ရန် လိုအပ်လာပါက အဆိုပါဥပဒေလုပ်ထုံးလုပ်နည်း (သို့မဟုတ်) တရားစွဲခြင်းကို အခြားသောအာဏာပိုင်ထံ ချက်ချင်း အကြောင်းကြားရန်နှင့် အဆိုပါ သတင်းအချက်အလက်ကို ထုတ်ပြန်ရန် အခြားသောအာဏာပိုင်၏ အတိအလင်းသဘောတူညီချက်ကို တောင်းခံရမည်။ အကယ်၍ သဘောတူညီမှုမရရှိပါက မည်သည့်တတိယအာဏာပိုင်ထံသို့မျှ သတင်းအချက်အလက် ထုတ်ပြန်လိမ့်မည်မဟုတ်ကြောင်း ထိုက်သင့်သော ဆောင်ရွက်မှုပြုလုပ်ရမည် (သို့မဟုတ်) သတင်းအချက်အလက် ထုတ်ပြန်ရာတွင် သင့်လျော်သည့် ကန့်သတ်မှုများ ဆောင်ရွက်ထားရှိရမည်။

မေတ္တာရပ်ခံတောင်းဆိုရာတွင်ပါဝင်သည့် သတင်းအချက်အလက် အသုံးပြုခြင်းနှင့် ထုတ်ပြန်ခြင်း

၅။ (က) မေတ္တာရပ်ခံတောင်းဆိုသည့် သတင်းအချက်အလက်ကို ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှုတို့အား စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် တရားစွဲတင်ရေးတို့နှင့် ကိစ္စရပ်များအတွက်သာ အသုံးပြုရန်ဖြစ်သည်။

(ခ) မေတ္တာရပ်ခံတောင်းဆိုခြင်းခံရသည့် အာဏာပိုင်သည် မေတ္တာရပ်ခံတောင်းဆိုသည့် အာဏာပိုင်၏အတိအလင်း ကြိုတင်သဘောတူညီမှုမရှိဘဲ အဆိုပါမေတ္တာရပ်ခံချက်တွင် ပါဝင်သည့် သတင်းအချက်အလက်မေတ္တာရပ်ခံချက်ကို တုန့်ပြန်နိုင်ရန် သတင်းအချက်အလက် ရရှိစေရန်မှတစ်ပါး မည်သည့်ရည်ရွယ်ချက်အတွက် မည်သည့်ရည်ရွယ်ချက်အတွက်မျှ ထုတ်ပြန်ပြောဆိုခြင်း မပြုနိုင်။

**အကြောင်းကြားခြင်း**

၆။ အကယ်၍ အာဏာပိုင်အနေဖြင့် မေတ္တာရပ်ခံတောင်းဆိုချက်ကို ပေးအပ်ခြင်း မပြုရန် ဆုံးဖြတ်ခဲ့ပါက သတင်းအချက်အလက် မေတ္တာရပ်ခံချက်လက်ခံရရှိသည့် အာဏာပိုင်သည် တောင်းဆိုသည့် အာဏာပိုင်အဖွဲ့ထံ ၎င်းတို့၏ဆုံးဖြတ်ချက်ကို အကြောင်းကြားပေးရမည်။

**ဆက်သွယ်ဆက်ဆံရေး လုပ်ထုံးလုပ်နည်းများ**

၇။ အာဏာပိုင်များသည် ၎င်းတို့နိုင်ငံများ၏ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ လက်ခံနိုင်ဖွယ် ဆက်သွယ်ဆက်ဆံရေး လုပ်ထုံးလုပ်နည်းများ ပူးပေါင်းစီစဉ်ဆောင်ရွက်ရမည့်အပြင် ဤနားလည်မှု စာချွန်လွှာကို အကောင်အထည်ဖော်ရန် အလို့ငှာ အချင်းချင်းဆွေးနွေးတိုင်ပင် ဆောင်ရွက်ရမည်။

**လျှို့ဝှက်အဆင့်အတန်း**

၈။ အာဏာပိုင်များ၏ လဲလှယ်သည့် သတင်းအချက်အလက်အားလုံးကို သက်ဆိုင်သူမှသာ အသုံးပြုခွင့်ရှိရေးနှင့် လျှို့ဝှက်စွာအသုံးပြုရေးတို့အတွက် တင်းတင်းကျပ်ကျပ် ထိန်းချုပ်ကာကွယ် ထားရှိရမည်။ အဆိုပါလဲလှယ်သည့် သတင်းအချက်အလက်များအား လက်ခံရရှိသည့်နိုင်ငံ၏ ဥပဒေပြဋ္ဌာန်းချက်များအတိုင်း ပြည်တွင်းမှရရှိသော သတင်းအချက်အလက်များနှင့် အလားတူ လျှို့ဝှက်ကာကွယ်စောင့်ရှောက်မှု ပြုရမည်။

**နောက်ထပ်ပူးပေါင်းဆောင်ရွက်ခြင်း**

၉။ အာဏာပိုင်များသည် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှုတို့အား ကာကွယ်ခြင်း၊ စုံစမ်းထောက်လှမ်းခြင်းနှင့် ဟန့်တားခြင်းပြုလုပ်ရာတွင် ပူးပေါင်းဆောင်ရွက်မည့် အခြားသောနယ်ပယ်များကိုလည်း ဆွေးနွေးသွားမည်ဖြစ်သည်။

**ပြင်ဆင်ခြင်း**

၁၀။ ဤနားလည်မှုစာချွန်လွှာအား နှစ်ဘက်သဘောတူညီချက်ဖြင့် မည်သည့်အချိန်တွင်မဆို ပြင်ဆင်နိုင်သည်။

**သက်တမ်းနှင့် ရပ်စဲခြင်း**

၁၁။ ဤနားလည်မှုစာချွန်လွှာသည် အာဏာပိုင်များ လက်မှတ်ရေးထိုးပြီးချိန်မှစ၍ အသက်ဝင်မည်ဖြစ်သည်။

၁၂။ ဤနားလည်မှုစာချွန်လွှာသည် မည်သည့်အချိန်တွင်မဆို ပယ်ဖျက်နိုင်သည်။ အာဏာပိုင် တစ်ရပ်သည် အခြားအာဏာပိုင်တစ်ရပ်ထံမှ စာဖြင့်ရေးသားအကြောင်းကြားချက်ကို လက်ခံရရှိသော အခါ နားလည်မှုစာချွန်လွှာသက်တမ်း ကုန်ဆုံးသည့် ဤနားလည်မှုစာချွန်လွှာမရပ်စဲမီ လက်ခံရရှိသည့်သတင်းအချက်အလက်ကို လျှို့ဝှက်စွာ ဆောင်ရွက်ခြင်းနှင့်ပတ်သက်သည့် စည်းကမ်း သတ်မှတ်ချက်များသည် ဤ နားလည်မှုစာချွန်လွှာရပ်စဲပြီးနောက် ဆက်လက်အကျိုးသက်ရောက်မှု ရှိသည်။

၁၃။ နားလည်မှုစာချွန်လွှာ (၂)စောင်အား လက်မှတ်ရေးထိုးကြသည်။

မြန်မာနိုင်ငံငွေကြေးဆိုင်ရာစုံစမ်း
ထောက်လှမ်းရေးအဖွဲ့
ရက်စွဲ၊
တပ်ဖွဲ့မှူး

သီရိလင်္ကာ ဗဟိုဘဏ်၏ ငွေကြေးဆိုင်ရာ
စုံစမ်းထောက်လှမ်းရေးအဖွဲ့
ရက်စွဲ၊
D M Rupasinghe၊ ညွှန်ကြားရေးမှူး